**ကုန်ပစ္စည်းတင်သွင်းသူ၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်များသို့ အသိပေးကြေညာခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ပို့ကုန်၊ သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာအမှတ် (၇/၂၀၂၃)ဖြင့် ၁-၄-၂၀၂၃ ရက်နေ့မှစ၍ အကောက်ခွန်သိုလှောင်ရုံသို့ ထည့်သွင်းမည့်ကုန်ပစ္စည်းများအပါအဝင် ပြည်ပမှကုန်ပစ္စည်းတင်သွင်းမှုအားလုံးအတွက် ဆိပ်ကမ်းသို့မရောက်မီ သွင်းကုန်လိုင်စင်ရရှိပြီးမှ တင်သွင်းခွင့်ပြုမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကုန်ပစ္စည်းတင်သွင်းသူ၊ ကုမ္ပဏီ၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပမှ ကုန်ပစ္စည်းများတင်သွင်းရာတွင် ကုန်သွယ်ရေးဦးစီးဌာန၏ သွင်းကုန်လိုင်စင်ရရှိပြီးမှသာတင်သွင်းပါရန် အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**